# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

October 31 , 2023 Volume 71, Number 21

၃၁.၁၀.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၉၄ US$ |
| မြန်မာ့ရွှေဈေး | = ၃၄၄၈၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၂၆၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၃၄.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၈.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၅၈.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၃၈.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၀၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၁၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၅.၆၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၀.၇၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၄၂၃ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၁၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့်စမ်းသပ်မှုလုပ်ငန်းလီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ နှစ်ပတ်လည်အထွေထွေအစည်းအဝေး



စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ရာနှုန်းပြည့်ပိုင်ဆိုင်သည့် မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်းလီမိတက် (Myanmar Inspection and Testing Services Ltd.–MITS) ၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့၊ နံနက် ၉:၃၀ နာရီတွင် ရန်ကုန်မြို့၊ ကမ်းနားလမ်းရှိ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ညီလာခံခန်းမ(ပဋ္ဌမထပ်) ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီး၊ MITS ဒါရိုက်တာအဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည် များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်းနှင့် ဘုရင့်နောင်ကုန်စည်ဒိုင်တို့မှဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါအခမ်းအနားတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်းက မြန်မာကုန်ပစ္စည်းစစ်ဆေးရေးနှင့်စမ်းသပ်မှုလုပ်ငန်း

လီမိတက် (MITS) သည် ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းများဖြစ်သော တင်ပို့ခြင်း၊ တင်သွင်းခြင်းဆိုင်ရာများနှင့်ပတ်သက်သည့် စမ်းသပ်စစ်ဆေးမှုလုပ်ငန်းများအား ဆောင်ရွက်ပေးနိုင်ရန် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်ပါကြောင်း၊ ပြည်ပသို့တင်ပို့သည့် ပို့ကုန်များ၏ အရည်အသွေးသတ်မှတ်ချက်များနှင့်အညီ ဈေးကွက် ဝင်ရောက်ခွင့်ရရှိရန်နှင့် နိုင်ငံအတွင်းသို့ တင်သွင်းသည့်ကုန်စည်များကိုလည်း ကုန်သွယ်မှုဆိုင်ရာစီမံဆောင်ရွက်ခြင်း (Non–Tariff Measure) အရ အရည်အသွေးဆိုင်ရာ ကန့်သတ်ထိန်းချုပ်မှုအတွက် စစ်ဆေးခြင်းဖြစ်ပါကြောင်း၊ MITS အနေဖြင့် နိုင်ငံတကာအသိအမှတ်ပြု အရည်အသွေး စံချိန်စံညွှန်းများကို လိုက်နာလက်ခံကျင့်သုံးလျက်ရှိပြီး အပြည်ပြည်ဆိုင်ရာ အရည်အသွေးသတ်မှတ်သောအဖွဲ့ (International Standard Organization) ၏ ISO 9001:2015 Certificate ကို ရရှိထားပြီး ကုန်ပစ္စည်းစစ်ဆေးခြင်းဆိုင်ရာ ISO/ IEC 17020 နှင့် ဓာတ်ခွဲစမ်းသပ်ခြင်းဆိုင်ရာ ISO/IEC 17025 တို့ရရှိရေး ဆက်လက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို သိရှိရပါကြောင်း၊ ဝန်ကြီးဌာန၏ တာဝန်ပေးအပ်ချက်အရ ပြည်တွင်းရှိ ဆန်စပါး အရည်အသွေးကောင်းမွန်မှန်ကန်စေရေး စမ်းသပ်စစ်ဆေးပေးနိုင်ရန်အတွက် ဆန်နှင့်ဆန်ထွက်ပစ္စည်းများ ပို့ကုန်လိုင်စင် လျှောက်ထားရာတွင် မြေပြင်လက်ကျန် စစ်ဆေးခြင်း၊ သင်္ဘောမတင်မီစစ်ဆေးခြင်း (Pre–Shipment Inspection)၊ အလေးချိန်နှင့်အရည်အသွေးစစ်ဆေးခြင်း၊ ဆန်များ၏ အရည်အသွေးစစ်ဆေးခြင်းနှင့် အရန်ရိက္ခာဆန် အရည်အသွေး စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အတွက်လည်း အသိအမှတ်ပြုပါကြောင်း၊ MITS အနေဖြင့် စမ်းသပ်ခြင်းနှင့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်သည်လုပ်ငန်းရှင်များ၏ ယုံကြည်မှု၊ အားကိုးမှုရှိစေရန် ရိုးသားမှု၊ ဘက်မလိုက်မှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်သိမှုစသည့်အချက်များနှင့်ညီအောင် ဆောင်ရွက်ပေးရမှာဖြစ်သည့်အပြင် လုပ်ငန်းနယ်ပယ်တွင် Professional ဆန်ဆန် ယှဉ်ပြိုင်ဆောင်ရွက်နိုင်သည့် အဖွဲ့အစည်းတစ်ခုအဖြစ် ရပ်တည်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် MITS ဒါရိုက်တာအဖွဲ့၊ ဒုတိယဉက္ကဋ္ဌက လုပ်ငန်းအခြေအနေများတင်ပြခြင်း၊ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းအတည်ပြုခြင်း၊ MITS မှ ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခြင်း စသည်တို့ကိုဆောင်ရွက်ခဲ့ကြပြီး နေ့လယ်ပိုင်းတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆောင်သည့်အဖွဲ့သည် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်ရှိ ဆီသိုလှောင်ကန်များ၌ စားအုန်းဆီသိုလှောင်ထားရှိမှု အခြေအနေများ၊ ဖြန့်ဖြူးမှုအခြေအနေများနှင့် စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရေး စီမံဆောင်ရွက်ထားရှိမှု များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: စားသုံးသူရေးရာဦးစီးဌာန**

https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%

## ပြည်ပသို့ ဆန်တင်ပို့မှုလျော့ကျနေသော်လည်း G to G အစီအစဉ်များအပြင် တရုတ်၊ အီးယူဈေးကွက်နှင့် အာဆီယံနိုင်ငံများကပါ မြန်မာ့ဆန်ဝယ်ယူမှု တိုးမြှင့်လာကြောင်းသိရ

လက်ရှိဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ မြန်မာ့ဆန်တင်ပို့မှုမှာ ယခင်နှစ်ထက် လျော့ကျနေသော်လည်း လက်ရှိအချိန် တွင် G to G အစီအစဉ်များအပြင် တရုတ်၊ အီးယူဈေးကွက်နှင့် အာဆီယံနိုင်ငံများကပါ မြန်မာ့ဆန်ဝယ်ယူမှု တိုးမြှင့်လာ ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

“ဆန်ပြည်ပတင်ပို့မှုနဲ့ပတ်သက်လို့ဆိုရင် ကျွန်တော်တို့ တတ်နိုင်သမျှ G to G အစီအစဉ်တွေရှိတယ်။ အခုဆိုရင် အများဆုံးဝယ်နေတာက တရုတ်နိုင်ငံနဲ့ ဥရောပဈေးကွက်ပေါ့နော်။ အခုဆို အိမ်နီးချင်းအာဆီယံနိုင်ငံတွေဖြစ်တဲ့ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်ဒီနိုင်ငံတွေကလည်း တိုးမြှင့်ပြီးဝယ်လာတာတွေ့ရပါတယ်”ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောကြားသည်။

“တန်ချိန် နှစ်သန်းဝန်းကျင်ပို့မယ်မှန်းပါတယ်။ ဒါပေမဲ့ မနှစ်ကနဲ့စာရင် နည်းနေသေးတယ်။ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာမှာ တင်ပို့နိုင်တဲ့အနေအထားပေါ့၊ အောက်တိုဘာကနေမတ်လအထိ ခြောက်လကတော့ ပို့ကုန်ရာသီပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့လဆို ဆန်ပြည်ပတင်ပို့မှုက ဒေါ်လာသန်း ၄၀ ကျော် ဝင်ငွေရပါတယ်”ဟု ဦးရဲမင်းအောင်က ပြောကြားသည်။

၂၀၂၃ ခုနှစ် စက်တင်ဘာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ပြည်ပသို့ ဆန်တန်ချိန် ၄၉၂၆၀ ကျော်တင်ပို့ခဲ့ပြီး အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်တန်ချိန် ၁၀၁၉၀ ကျော်ဖြင့် အများဆုံးတင်ပို့ခဲ့ကြောင်း စီးပွား ရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ သိရသည်။ စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ကာလအတွင်း ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းမှ ဒေါ်လာ ၂၇ ဒသမ ၀၅၂ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၄၉၂၆ဝကျော် တင်ပို့ကြောင်းသိရသည်။ ဆန်တင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၃၃၄၉၀ ကျော်၊ အီးယူအဖွဲ့ဝင်နိုင်ငံများသို့ဆန်တန်ချိန် ၁၀၁၉၀ ကျော်နှင့် အာဖရိကနိုင်ငံများသို့ ဆန်တန်ချိန် ၅၅၇၀ ကျော် တင်ပို့ခဲ့သည်။

အာရှနိုင်ငံများတွင် ဆန်တင်ပို့သောနိုင်ငံများမှာ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်တန်ချိန် ၁၁၇၇၀ ကျော်၊ မလေးရှားနိုင်ငံသို့ ဆန်တန်ချိန် ၁၁၃၉၀ ကျော်၊ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၉၅၆၀ ကျော်၊ စင်ကာပူနိုင်ငံသို့ ဆန် ၄၀၆ တန်ကျော်၊ ဟောင်ကောင်သို့ ဆန် ၂၃၀ ကျော်နှင့် ထိုင်ဝမ်သို့ တန် ၁၀၀ ကျော် တင်ပို့ခဲ့သည်။

အီးယူအဖွဲ့ဝင်နိုင်ငံများအနက် ဆန်တင်ပို့သော နိုင်ငံများမှာ ပိုလန်နိုင်ငံသို့ ဆန်တန်ချိန် ၃၁၂၀ တန်ကျော်၊ စလိုဗီးနားနိုင်ငံ သို့ ဆန်တန်ချိန် ၁၅၂၀၊ ချက်နိုင်ငံသို့ ဆန်တန်ချိန် ၁၀၅၀ ကျော်၊ အီတလီနိုင်ငံသို့ ဆန်တန်ချိန် ၇၅၀ ကျော်၊ လစ်သူရေးနီးယားနိုင်ငံ၊ ခရိုအေးရှားနိုင်ငံ၊ ဘယ်လ်ဂျီယံနိုင်ငံနှင့်ဟန်ဂေရီနိုင်ငံတို့သို့ ဆန်တန်ချိန် ၅၀၀ စီ၊ လက်ဘန္ဓန်နိုင်ငံသို့ ဆန်တန်ချိန် ၃၂၀ ကျော်၊ ဘူလ်ဂေးရီးယားနိုင်ငံသို့ ဆန်တန် ချိန် ၃၃၀ ကျော်၊ နယ်သာလန်နိုင်ငံသို့ ဆန်တန်ချိန် ၂၅၀၊ ဂရိနိုင်ငံသို့ ဆန်တန်ချိန် ၂၅၀၊ ပေါ်တူဂီနိုင်ငံသို့ ဆန်တန်ချိန် ၁၅၀၊ ဂျာမနီနိုင်ငံသို့ ဆန်တန်ချိန် ၁၃၀၊ လစ်ဗျားနိုင်ငံသို့ ဆန်တန်ချိန် ၁၀၀၊ ရိုမေးနီးယားနိုင်ငံသို့ ဆန် ၁၀၄ တန်၊ ပြင်သစ်နိုင်ငံနှင့်စပိန်နိုင်ငံသို့ ဆန်တန်ချိန် အနည်းငယ်တင်ပို့ခဲ့သည်။ မိုဇမ်ဘစ်နိုင်ငံ ဆန်တန်ချိန် ၃၆၄၀၊ နယူးဇီလန်နိုင်ငံသို့ ဆန်တန်ချိန် ၅၀၀၊ ဘီနင်နိုင်ငံသို့ ဆန်တန်ချိန် ၁၅၇ ကျော်၊ တိုဂိုနိုင်ငံသို့ ဆန်တန်ချိန် ၁၅၇ ကျော်နှင့် အိုင်ဗရီကို့စ်နိုင်ငံသို့ ဆန်တန်ချိန် ၁၁၁၈ တန်တင်ပို့ခဲ့သည်။

စက်တင်ဘာလအတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုမှ ဆန် ၃၄၇၅ တန်ကျော်တင်ပို့ပြီး တန်ဖိုးဒေါ်လာ ၁ ဒသမ ၅၅၂ သန်းရရှိသည်။ နည်းလမ်းနှစ်သွယ်မှ ဆန်တင်ချိန် ၅၂၇၃၀ ကျော် တင်ပို့နိုင်ပြီး တန်ဖိုးဒေါ်လာ ၂၈ ဒသမ ၆၀၄ သန်းကျော်ရရှိခဲ့သည်။ ယခင်လဆန်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ဆန်တန်ချိန် ၂၀၀၀၀ ကျော်ပိုမို တင်ပို့ခဲ့သည်။

စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ကာလအတွင်း ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းမှ ဒေါ်လာ ၁၃ ဒသမ ၁၉၄ သန်းတန်ဖိုးရှိ ဆန်ကွဲတန်ချိန် ၂၉၅၅၀ ကျော်တင်ပို့ခဲ့သည်။ ဆန်ကွဲတင်ပို့မှုအနေဖြင့် အာရှနိုင်ငံများသို့ ဆန်ကွဲတန်ချိန် ၁၅၀၅၀ ကျော်နှင့် အီးယူအဖွဲ့ဝင် နိုင်ငံများသို့ဆန်ကွဲတန်ချိန် ၁၄၅၀၀ ကျော် တင်ပို့ခဲ့သည်။ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်မှုမှ ဆန်ကွဲတန်ချိန် ၃၇၃၀ ကျော် တင်ပို့ပြီး တန်ဖိုးဒေါ်လာ ၁ ဒသမ ၅၂၂ သန်း ရရှိခဲ့သည်။ စက်တင်ဘာလအတွင်း ဆန်နှင့်ဆန်ကွဲတင်ပို့မှု စုစုပေါင်းတန်ချိန် ၈၆၀၁၀ ကျော် တင်ပို့နိုင်ပြီး တန်ဖိုးဒေါ်လာ ၄၃ ဒသမ ၃၂၀ သန်းကျော်ရရှိခဲ့သည်။

**Source:** https://news-eleven.com/article/283092

## ကြံစိုက်တောင်သူများအတွက် ထိုင်းသကြားဈေးနှုန်း ၄ ဘတ် ဈေးတက်

ထိုင်းနိုင်ငံတွင် သကြား တစ်ကီလိုဂရမ် စက်ရုံဈေးနှုန်းကို ၄ ဘတ် တိုးမြှင့်သတ်မှတ်ပြဋ္ဌာန်းလိုက်သည်။ ကြံစိုက် တောင်သူများ ဝင်ငွေတိုးစေရန်၊ ပြည်တွင်းစားသောက်ကုန် ကုန်ထုတ်လုပ်ငန်းများ သကြားအလုံအလောက်ရရှိသည်ကို သေချာစေရန်အတွက် စက်ရုံဈေးနှုန်း တိုးမြှင့်ပေးလိုက်ခြင်းဖြစ်သည်။

ကြံနှင့်သကြား ဘုတ်အဖွဲ့ရုံး Office of the Cane and Sugar Board(OCSB) သည် စနေနေ့ (အောက်တိုဘာ ၂၈ ရက်) မှ စတင်အသက်ဝင်မည့် သကြားအတွက် တန်ဖိုးမြှင့်အခွန် Value Added Tax VAT မပေးဆောင်ခင် စက်ရုံဈေးနှုန်းအသစ်ကို ထုတ်ပြန်ခဲ့သည်။

သကြားဖြူဈေးသည် တစ်ကီလိုဂရမ်လျှင် ၁၉ ဘတ်မှ ၄ ဘတ်တိုးပြီး ၂၃ ဘတ် ဖြစ်လာသည်။ သန့်စင်ပြီး သကြားဖြူ တစ်ကီလိုဂရမ်လျှင် ဘတ် ၂၀ မှ ၂၄ ဘတ် ဖြစ်လာသည်။ ဒီဇင်ဘာလတွင် စတင်မည့် ၂၀၂၃/၂၀၂၄ အတွက် ကြံဝယ်ယူသည့်ဈေးနှုန်းကို တွက်ချက်ရန်အတွက် အဆိုပါဈေးနှုန်းအသစ်များကို အသုံးပြုမည်ဖြစ်သည်။

ထိုင်းနိုင်ငံသည် သကြားကို လွတ်လပ်စွာရောင်းချနိုင်သည့် ဈေးကွက်စနစ်ကိုကျင့်သုံးသည်။ ဆိုလိုသည်မှာ သကြားကို ဈေးပိုပေးသည့် ဝယ်လက်ထံ ရောင်းချခွင့်ရှိသည်။ သို့သော် ပြည်တွင်းဈေးနှုန်းကို OCSB က ချမှတ်ပေးသည်။ OCSB က စက်ရုံဈေးနှုန်းကို အခါအားလျော်စွာ ချိန်ညှိပေးသည်။ ယခုအခါ ကမ္ဘာ့သကြားဈေးနှုန်းများ မြင့်တက်နေသဖြင့် ကမ္ဘာ့သကြားဈေးက ထိုင်းပြည်တွင်းမှ အစိုးရသတ်မှတ်ဈေးထက် ပိုမြင့်နေသည်။ သို့ဖြစ်ရာ စက်ရုံဈေးနှုန်းကို ချိန်ညှိပေးပြီး တိုးမြှင့်သတ်မှတ်ပေးလိုက်သည်။

ယခုလို ချိန်ညှိပေးခြင်းမရှိပါက ကမ္ဘာ့ဈေးကွက်နှင့်ပြည်တွင်းဈေးကွက်တို့အကြား ဈေးနှုန်းကွာခြားနေသည့်အပေါ် ကြံတောင်သူများ အကျိုးကျေးဇူးရရှိမည်မဟုတ်ချေ။ ဈေးနှုန်းမြှင့်တင်ပေးခြင်းသည် သကြားစက်များက ဈေးပိုရနေသည့် ပြည်ပဈေးကွက်များသို့ သကြားများတင်ပို့ရောင်းချခြင်းအစား ပြည်တွင်းဝယ်လက်များထံ ဆက်လက်ရောင်းချနိုင်စေရန် အာမခံချက်ပေးပါသည်။

စက်ရုံဈေးနှုန်းမြင့်တက်သည့်အလျောက် ကြံဈေးနှုန်းလည်း အထိုက်အလျောက် မြင့်တက်သည်။ သို့ဖြစ်ရာ သကြားထုတ်လုပ်သူများနှင့် ကြံစိုက်သူများ ဝင်ငွေတိုးသည်။ အစိုးရပိုင် Thai Cane and Sugar Corporation မှ ဒါရိုက်တာ Boonthin Kotesiri က ပြောသည်မှာ ကမ္ဘာ့သကြားဈေးနှုန်းများ မြင့်တက်နေကြောင်း၊ ဒီဇင်ဘာလတွင်ပေးပို့မည့် သကြားများအတွက် ကြိုပွဲပိုင့်အရောင်းဈေးနှုန်းသည် လန်ဒန်ကုန်စည်ဒိုင်တွင် တစ်တန် US$734.2 ရှိကြောင်း၊ သို့ဖြစ်ရာ တစ်ကီလိုဂရမ် ဘတ် ၂၆-၂၇ ခန့်ရှိကြောင်း၊ ထိုသို့ ဈေးမြင့်နေသဖြင့် စက်ရုံများသည် ထုတ်လုပ်သည့် သကြားများအားလုံးကို ပြည်ပသို့တင်ပို့ကြမည် ဖြစ်သည်။

ထိုင်းနိုင်ငံသည် တစ်နှစ်လျှင် ပျမ်းမျှသကြားတန်ချိန် ၁၀ သန်း ထုတ်လုပ်သည်။ ၇၀-၇၅% ကို ပြည်ပသို့တင်ပို့သည်။ ပြည်တွင်းအတွက် တန်ချိန် ၂.၆ သန်းခန့်သာ ကျန်သည်။ ၎င်းသကြားများတွင် ထက်ဝက်ခန့်ကို စားသောက်ကုန်လုပ်ငန်းများက ဝယ်ယူသည်။ ကျန်သည့်သကြားကို အိတ်သွတ်ပြီး စူပါမားကက်များတွင် ရောင်းချသည်။

**Source: nationthailand**

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/7150-asia-sugar.html

## အိန္ဒိယမှာ ကြက်သွန်နီ ဈေးအတက်ကြမ်းသဖြင့် MEP ဒေါ်လာ ၈၀၀ ပြဋ္ဌာန်း



အိန္ဒိယနိုင်ငံ ပြည်ထောင်စုအစိုးရက ပြည်တွင်းကြက်သွန်နီ ပြတ်လပ်မှုမဖြစ်ပေါ်အောင် ပြည်ပတင်ပို့မှုများ လျော့ကျစေရန် အလို့ငှာ ကြက်သွန်နီ ပြည်ပပို့ကုန် အနိမ့်ဆုံးဈေးနှုန်း minimum export price (MEP) ကို တစ်တန်လျှင် ကန်ဒေါ်လာ ၈၀၀ ဟု စနေနေ့ (အောက်တိုဘာ ၂၈) တွင် သတ်မှတ်ပြဋ္ဌာန်းလိုက်ပြီး ပြဋ္ဌာန်း သည့် သက်တမ်းကာလမှာ အောက်တိုဘာလ ၂၉ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်အထိ ဖြစ်ပါသည်။

အိန္ဒိယတွင် ယခုလ အောက်တိုဘာသည် ကြက်သွန်နီအသစ်ပေါ်ချိန်ဖြစ်သော်လည်း ယခုနှစ်တွင် ၂ လနောက်ကျပြီး ဒီဇင်ဘာလကျမှ ကြက်သွန်နီအသစ်ပေါ်မည်ဖြစ်သည်။ သို့ဖြစ်ရာ အသစ်မပေါ်ခင်စပ်ကြား ကြက်သွန်နီပြတ်လပ်မှုများ ဖြစ်ပေါ်နိုင်သည်။ လက်ရှိတွင် ကြက်သွန်နီဈေးနှုန်းများ ဈေးအတက်ကြမ်းနေသည်။ နယူးဒေလီမြို့တော်မှ ဈေးများတွင် ပြီးခဲ့သည့် ၂ ပတ်အတွင်း ၅၀% ကျော် ဈေးမြင့်တက်ခဲ့ပြီး တစ်ကီလိုဂရမ်လျှင် ရူပီး ၈၀ သို့ ရောက်ရှိလာသည်။

ကြက်သွန်နီ အဝင်နည်းသဖြင့် ဈေးမြင့်တက်သည်ဟု ကုန်သည်များက ပြောကြားသည်။ အရန်သိုလှောင်ထားသော ကြက်သွန်နီများလည်း အဝင်နည်းနေသည်။ ပြီးခဲ့သည့် နှစ်ပတ်အတွင်း ၄၀ ရာခိုင်နှုန်းခန့် လျော့ကျသွားခဲ့သည်။ ပြီးခဲ့သည့် ၂ နှစ်ဆက်တိုက် ကြက်သွန်နီစိုက်ခင်းဈေးနှုန်းများ ဈေးကောင်းမရသဖြင့် တောင်သူများအရှုံးပေါ်ခဲ့ကြသဖြင့် ယခုနှစ်တွင် ကြက်သွန်နီစိုက်ပျိုးဧရိယာ လျော့နည်းနေသဖြင့် ယခုနှစ် ကြက်သွန်နီအထွက်လျော့ကျမှာ သေချာနေသည်။

စိုက်ပျိုးသည့် စိုက်ခင်းများသည်လည်း မိုးရွာသွန်းမှု ပုံမှန်ထက်လျော့နည်းသဖြင့် အထွက်နည်းလိမ့်မည်ဟု ခန့်မှန်းထားသည်။ လောလောဆယ်တွင် ကြက်သွန်နီအသစ်များ ဈေးကွက်ထဲရောက်ရှိလာမည့် ဒီဇင်ဘာလမတိုင်ခင်အထိ ကြက်သွန်နီဈေးနှုန်းများ ဆက်လက်မြင့်တက်နေဦးမည်ဟု ကုန်သည်များက မျှော်လင့်ထားသည်။

ထိုသို့ ပြည်တွင်းမှာ ကြက်သွန်နီလျော့နည်းနေပြီး ဈေးမြင့်တက်နေစဉ် အောက်တိုဘာလတွင် ကြက်သွန်နီ ပြည်ပတင်ပို့မှု သိသိသာသာ မြင့်တက်လာသဖြင့် အမြင့်ဈေးနှုန်းဖြင့် MEP ကို သတ်မှတ်ပြဋ္ဌာန်းပေးရခြင်းဖြစ်ကြောင်း အစိုးရအဆင့်မြင့်အရာရှိတဦးက ပြောကြားသည်။

ကြက်သွန်နီအသစ်ပေါ်ချိန် နောက်ကျမည်ဖြစ်သဖြင့် ဩဂုတ်လတွင် ကြက်သွန်နီဈေးနှုန်းများ စတင်မြင့်တက်လာသည်။ သို့ဖြစ်ရာ အစိုးရ အရန်သိုလှောင်ထားသည့် ကြက်သွန်နီများကို အနိမ့်ဈေးနှုန်းဖြင့် ထုတ်ရောင်းပေးခဲ့သည်။ ကြက်သွန်နီပြည်ပတင်ပို့သည့်အပေါ် ပို့ကုန်ခွန် ၄၀% စတင်စည်းကြပ်ခဲ့သည်။ ဩဂုတ်လလယ်မှစ၍ အစိုးရသည် အရန်သိုလှောင်ထားသည့် ကြက်သွန်နီတန်ချိန် ၇ သိန်းထဲမှ တန်ချိန် ၁၇၀,၀၀၀ ကို တစ်ကီလိုဂရမ်လျှင် ၂၅ ရူပီးဖြင့် ကားများဖြင့် လိုက်လံရောင်းချပေးခဲ့သည်။

**Source: mint**

https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/7151-onion.html

## ဗီယက်နမ်ပင်လယ်စာ တင်ပို့မှုလျော့ကျ



ပုစွန်တင်ပို့မှုမှာ ဒုတိယသုံးလပတ်တွင် ၂၈ ရာခိုင်နှုန်း ကျဆင်း ခဲ့ပြီး တတိယသုံးလပတ်တွင် ၁၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဗီယက်နမ်ပင်လယ်စာတင်ပို့သူများနှင့် ထုတ်လုပ်သူများအသင်း Vietnam Association of Seafood Exporters and Producers (VASEP) မှ သတင်းထုတ်ပြန်ခဲ့သည်။

ငါးတန်တင်ပို့မှုသည် ဒုတိယသုံးလပတ်တွင် ၄၁ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပြီး တတိယသုံးလပတ်တွင် ၁၂ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ တူးနားငါးတင်ပို့မှုသည် ဒုတိယသုံးလပတ်တွင် ၈ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး တတိယသုံးလပတ်တွင် ၃၁ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့သည်။ တတိယသုံးလပတ်တွင် စုစုပေါင်း ၁၂ % ကျဆင်းခဲ့သည်။

ဗီယက်နမ် ပင်လယ်စာဝယ်လိုအားသည် အရှေ့အလယ်ပိုင်းဒေသတွင် မြင့်တက်ခဲ့သော်လည်း အဓိကဈေးကွက်များဖြစ်ကြသည့် အမေရိကန်၊ တရုတ်နှင့်တောင်ကိုရီးယားတို့တွင် သိသိသာသာကျဆင်းနေသည်။ ဗီယက်နမ် ပင်လယ်စာတစ်နှစ်တာတင်ပို့မှုအတွက် ရည်မှန်းချက်မှာ ကန်ဒေါ်လာ ၉ ဘီလီယံဖြစ်ပါသည်။

**Source: vnexpress**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/7152-asia-seafood.html

## မလေးရှားပြည်တွင်းထွက် ဆန်ဖြူပြတ်လပ်မှုများ မကြာခင်ဖြည့်တင်းပေးနိုင်မည်ဟုပြောကြား

Kedah နှင့် အခြားစပါးထွက်ရှိသော ပြည်နယ်များတွင် ရိတ်သိမ်းရာသီစတင်သည်နှင့် မကြာမီတွင် ပြည်တွင်းထွက်ဆန်ဖြူဖြန့်ဖြူးရေး တည်ငြိမ်လာမည်ဖြစ်ကြောင်း စိုက်ပျိုးရေးနှင့်စားနပ်ရိက္ခာဖူလုံရေးဝန်ကြီးဌာနမှ ပြောကြားသည်။

Kelantan၊ Terengganu နှင့် Selangor တို့မှ စပါးရိတ်သိမ်းမှုများသည် ပြည်တွင်းထွက် ဆန်ဖြူပြတ်လပ်မှုများ လျော့နည်းစေမည်ဟု ၎င်းကဆိုသည်။ “Kedah က ဆန်အများဆုံးထွက်ရှိတဲ့ ပြည်နယ်ပါ။ စုစုပေါင်း စပါးအထွက်ရဲ့ ၄၅ ရာခိုင်နှုန်း Kedah က ထွက်ပါတယ်။ မလေးရှားမှာ တစ်နှစ်လျှင်နှစ်ကြိမ် စပါးပေါ်ပါတယ်။ စပါးတွေရိတ်သိမ်းပြီး ဆန်သစ်တွေ ပေါ်လာတာနဲ့အမျှ ပြည်တွင်းဆန်ဖြူထောက်ပံ့မှု ပြန်ကောင်းလာမယ်လို့ ဝန်ကြီးဌာနက ယုံကြည်ပါတယ်။

ဆန်ဈေးကွက်မှာ ပြည်တွင်းထွက်ဆန်ဖြူ အလွယ်တကူရရှိနိုင်စေတော့မှာဖြစ်ပါတယ်" ဟု ဝန်ကြီးဌာနမှထုတ်ပြန်သော ကြေညာချက်တွင် ပြောကြားထားသည်။

အောက်တိုဘာ ၂၅ ရက်အထိ အစိုးရ၏ ယာယီကြားဝင်ဆောင်ရွက်မှုအရ ဆန် ၁၀ ကီလိုဂရမ်ပါ ဆန်အိတ် စုစုပေါင်း ၁၄၀၉၇၈၈ အိတ် ဝေငှခဲ့သည်။ ဟိုက်ပါမားကက်များမှတဆင့် အများဆုံး ဖြန့်ဖြူးရောင်းချပေးခဲ့သည်။ ပြည်တွင်းထွက် ဆန်ဖြူ စုစုပေါင်း ၁၄,၀၉၇ ဒသမ ၈၈ တန် ဖြန့်ဝေခဲ့ကြောင်း ဝန်ကြီးဌာနကပြောသည်။

ပြည်တွင်းထွက်ဆန်ဖြူ အထူးအစီအစဉ်အရ ဆန်ထုတ်လုပ်သူများက ၂၀ ရာခိုင်နှုန်းတိုးမြှင့်ဖို့ သဘောတူခဲ့ကြပြီး တစ်လလျှင် စုစုပေါင်း တန်ချိန် ၂၃၀၀၀ ထုတ်လုပ်ပါသည်။ ဆန် ၁၀ ကီလိုဂရမ်ပါ ဆန်အိတ် စုစုပေါင်း ၂.၃ သန်းရရှိသည်။ "ဒီအစီအစဉ်ကို အကောင်အထည်ဖော်ရာမှာ အဓိကလက်ကားကုမ္ပဏီငါးခုနဲ့ ဝန်ကြီးဌာနကခန့်အပ်ထားတဲ့ လက်ကားကုမ္ပဏီ ၁၀၃ ခု ပါဝင်ပါတယ်" ဟု ဝန်ကြီးဌာနက ပြောကြားသည်။ အဓိက လက်ကားကုမ္ပဏီကြီးငါးခုသည် ပြည်တွင်းထွက် ဆန်ဖြူများကို ဟိုက်ပါမားကတ် ၁၀၀ နှင့် Federal Agricultural Marketing Authority (Fama), Farmer's Organisation Authority (LPP) တို့မှတဆင့် လက်လီရောင်းချပေးသည်။

လက်ကားကုမ္ပဏီ ၁၀၃ ခုသည် အခြားလက်လီရောင်းချသူများထံသို့ ဆန်များကို ဖြန့်ဖြူးပေးသည်။ မလေးရှားနိုင်ငံသည် ပြည်တွင်းထွက်ဆန်ဖြင့် ဖူလုံမှုမရရှိသဖြင့် ပြည်ပမှဆန်တင်သွင်းပြီး ဖြည့်တင်းရာ၌ Padiberas Nasional Bhd (Bernas) က ပြည်ပမှ ဆန်ဖြူများ တင်သွင်းပြီး ဖြန့်ဖြူးပေးသည်။ အခြားသွင်းကုန်လုပ်ငန်းများကို ဆန်ဖြူ တင်သွင်းခွင့် မပေးထားချေ။ Bernas ကုမ္ပဏီစုသည် မလေးရှားတွင် ပြည်တွင်းထွက် စပါးဝယ်ယူရေးနှင့် စီမံဆောင်ရွက်ရာတွင် ပါဝင်လုပ်ဆောင်သည့်အပြင် ပြည်ပမှ ဆန်တင်သွင်းခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ဈေးကွက်တင်ခြင်းတို့ကို လုပ်ဆောင်သည်။

မလေးရှားအစိုးရသည် လက်ရှိတွင် Bernas နှင့် ၂၀၂၁ ဇန်နဝါရီ ၁၁ရက်မှ ၂၀၃၁ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်အထိ ၁၀ နှစ်သက်တမ်း စာချုပ်ချုပ်ဆိုထားသည်။ Bumiputra Retailers Organisation ဥက္ကဋ္ဌ Datuk Ameer Ali Mydin က အာဏာပိုင်များသည် Padiberas Nasional Bhd (Bernas) အပြင် အခြားအဖွဲ့အစည်းများကိုလည်း ဆန်ဖြူတင်သွင်းခွင့် ယာယီခွင့်ပြုရန် စဉ်းစားသင့်သည်ဟု ပြောကြားခဲ့သည်။

ဆန်ဖြူပြတ်လပ်မှုကိုဖြေရှင်းရန် နည်းလမ်းတစ်ခုဖြစ်ကြောင်း၊ ယခင်က ကြက်သားပြတ်လပ်မှုကို ၎င်းနည်းလမ်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း ဥက္ကဋ္ဌကပြောကြားခဲ့သည်။ "အနည်းဆုံးအနေဖြင့် နောက်နှစ်အထိ တခြားသူတွေကို ဆန်ဖြူတင်သွင်းဖို့ ခွင့်ပြုသင့်တယ်။ ဒီလိုနည်းနဲ့ တင်သွင်းလာတဲ့ ဆန်ဖြူ ၁၀ ကီလိုဂရမ်ကို ၃၂ ရင်းဂစ်နှုန်းနဲ့ ဈေးသက်သက်သာသာ ရောင်းချနိုင်မှာပါ" ဟု ၎င်းက ပြောသည်။

Bernas လက်ဝါးကြီးအုပ်မှုကို ခေတ္တရုတ်သိမ်းရန် အဆိုပြုချက်သည် မလေးရှားတွင် ကြက်သားပြတ်လပ်မှုများ ပေါ်ပေါက်ခဲ့စဉ်တုန်းက ကြက်သားပြတ်လပ်မှု လျော့ပါးသက်သာစေရန် ကုမ္ပဏီများ ကြက်သားတင်သွင်းမှုအတွက် ခွင့်ပြုမိန့်ပါမစ်များချပေးလိုက်သည်နှင့် ဆင်ဆင်တူကြောင်း Ameer Ali မှ ပြောကြားခဲ့သည်။

မလေးရှားသည် ကြက်သားတင်ပို့သော နိုင်ငံအဖြစ်မှ ကြက်သားတင်သွင်းရသည့်နိုင်ငံ ဖြစ်သွားရသည်အထိ ၂၀၂၂ ခုနှစ်တွင် ကြက်သားပြတ်လပ်မှုကြုံခဲ့ရသည်။ အစိုးရက အေးခဲကြက်သားအကောင်လိုက် တင်သွင်းခြင်းကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ မှ ၂၀၂၂ ဖေဖော်ဝါရီအထိ တင်သွင်းခွင့် ပေးထားခဲ့သည်။

အေးခဲကြက်သားအကောင်လိုက် တင်သွင်းခြင်းကို တလလျှင် မက်ထရစ်တန် ၁ သောင်းအထိ ခွင့်ပြုခဲ့သည်။ တနည်းဆိုရသော် ကြက်အကောင်ရေ ၅.၅သန်းအထိ လစဉ် တင်သွင်းခွင့်ပေးထားခြင်းဖြစ်သည်။ နောက်ပိုင်းတွင် သွင်းကုန်လုပ်ငန်းများကိုသာမက ဟိုက်ပါမားကက်များကိုပါ သွင်းကုန်ပါမစ်များ ချပေးခဲ့သည်။

Ameer Ali က ပြည်တွင်းဆန်ဖြူဈေးနှုန်းကို မြှင့်တင်ရန်အတွက်လည်း အဆိုပြုခဲ့သည်။ လက်ရှိတွင် တစ်ဆယ်ကီလိုဂရမ်လျှင် ၂၆ ရင်းဂစ် သတ်မှတ်ထားပြီး ၂၀၁၈ ခုနှစ်တွင် စတင်သတ်မှတ်ခဲ့သည့် ဈေးနှုန်းဖြစ်သည်။ Federation of Malaysian Consumers Associations ၏ အမှုဆောင်အရာရှိချုပ် Saravanan Thambirajah က လက်ဝါးကြီးအုပ်မှုကို ဖယ်ရှားရန် ဆုံးဖြတ်လိုက်ခြင်းမှ နောက်ဆုံးတွင် စားသုံးသူများ အကျိုးအမြတ်ရရှိမည်ဖြစ်ကြောင်း ပြောကြားသည်။

“ယာယီအားဖြင့် လုပ်ဆောင်ပေးနိုင်ပြီး ဈေးကွက်ကို ပိုမိုကောင်းမွန်စွာ အကာအကွယ်ပေးရာ ရောက်ပါတယ်” ဟု ၎င်းက ဆိုသည်။ အစိုးရက ဆန်အိတ်များဖြန့်ဝေသည့်နေရာများကို သတ်မှတ်ပေးသင့်သည်ဟု ပီနန်စားသုံးသူများအသင်းမှ ပညာရေးမှူး NV Subbarow က ပြောသည်။ “ဆန်လိုအပ်ရင် လူတွေက ဘယ်ကိုသွားရမယ်ဆိုတာကို အသေးစိတ် အသိပေးထားသင့်တယ်” ဟု ၎င်းကဆိုသည်။

ပြည်တွင်းထွက် ဆန်ဖြူများကို ကုန်စုံဆိုင်များသို့ အစိုးရက ဝေငှပေးရန်လည်း ၎င်းကအဆိုပြုသည်။ "အစိုးရက ဖြန့်ဖြူးရောင်းချတဲ့ ပြည်တွင်းထွက်ဆန်ဖြူတွေက ကုန်စုံဆိုင်တွေဆီကိုမရောက်ဘူး။ ဆိုင်ရှင်တွေက ဟိုက်ပါမားကက်တွေမှာ သွားဝယ်ပြီး ဆိုင်မှာတင်ကြရတယ်။ လူနေရပ်ကွက်များမှ ကုန်စုံဆိုင်တွေ မီနီမားကက်တွေကို ဖြန့်ဖြူးပေးရင် ရပ်ကွက်ထဲ နေထိုင်ကြသူတွေ ဝယ်ဖို့အဆင်ပြေသွားမယ်" ဟု ၎င်းကပြောကြားသည်။

**Source: the star**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/7153-asia-rice.html

## တရုတ်က ပိတ်ပင်ထားခြင်းခံရသည့် ဂျပန်ပင်လယ်စာများ အမေရိကန် စတင်ဝယ်ယူ



အမေရိကန်သည် ဂျပန်နိုင်ငံရှိ ၎င်း၏စစ်တပ်အတွက် ရိက္ခာထောက်ပံ့သည့်အနေဖြင့် ဂျပန်ပင်လယ်စာများကို ပထမဆုံးအကြိမ် စတင်ဝယ်ယူခဲ့သည်။

၂၀၁၁ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ဆူနာမီမြေငလျင်ဒဏ်ကြောင့် ပျက်စီးသွားခဲ့သည့် ဖူကူရှီးမား နျူကလီးယားစက်ရုံမှ ရေများကို ဩဂုတ်လတွင် ပင်လယ်ထဲသို့ စတင်စွန့်ထုတ်ခဲ့ရာ တရုတ်နိုင်ငံက အပြင်းအထန်ကန့်ကွက်ခဲ့ပြီး ဂျပန်ပင်လယ်စာများတွင် ဓာတ်ရောင်ခြည်သင့်မည့် အန္တရာယ်ရှိနိုင်သည်ဟုဆိုကာ တရုတ်နိုင်ငံသို့ ဂျပန်ပင်လယ်စာ တင်သွင်းမှုများအားလုံးကို လုံးဝ ပိတ်ပင်ထားသည်။ G7 ကုန်သွယ်ရေးဝန်ကြီးများက ဂျပန်အစားအစာအပေါ် တားမြစ်ပိတ်ပင်မှုများကို ချက်ချင်းရုပ်သိမ်းရန် တနင်္ဂနွေနေ့ (အောက်တိုဘာ ၂၉)တွင် တောင်းဆိုခဲ့သည်။

အမေရိကန်စစ်တပ်သည် ဂျပန်တွင် ဒေသထွက်ပင်လယ်စာများကို ယခင်က ဝယ်ယူခြင်းမပြုခဲ့ချေ။ ယခုအခါ တရုတ်ပိတ်ပင်မှုကြောင့် အခက်ကြုံနေရသည်ကို တဖက်တလမ်းမှ ကူညီဖြေရှင်းပေးရန် ပထမဆုံးအကြိမ်အဖြစ် စတင်ဝယ်ယူခြင်းဖြစ်သည်။

ဂျပန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး Rahm Emanuel က “ဂျပန်မှာရှိတဲ့ အမေရိကန် လက်နက်ကိုင်တပ်ဖွဲ့တွေနဲ့ ဂျပန်မှ ပင်လယ်ငါးဖမ်းလုပ်ငန်းများအကြား ရေရှည်ကန်ထရိုက်စာချုပ်ချုပ်ဆိုပြီး ဝယ်ယူမှာပါ"ဟု ပြောကြားသည်။ ပထမအသုတ်အနေဖြင့် ခုံးကောင် တစ်မက်ထရစ်တန် ဝယ်ယူမည်ဖြစ်သည်။

ဂျပန်နိုင်ငံသည် တရုတ်သို့ ယမန်နှစ်က ခုံးကောင်တန်ချိန် ၁ သိန်းကျော် တင်ပို့ခဲ့သည့်ပမာဏနှင့် နှိုင်းယှဉ်ပါက မက်ထရစ် တစ်တန်သည် မပြောပလောက်သည့်ပမာဏဖြစ်သည်။

နောက်နောင်တွင် ဂျပန်ပင်လယ်စာများကို တိုးမြှင့်ဝယ်ယူသွားမည်ဟု Emanuel က ပြောကြားသည်။ အမျိုးအမည်များလည်း တိုးပြီးဝယ်ယူမည်ဟု ၎င်းကပြောကြားသည်။

**Source: thejakartapost**

https://www.foodindustrydirectory.com.mm/food-industry/food-health/item/7154-seafood.html

## နယ်စပ်စစ်ဆေးရေးဂိတ်များတွင် ခရီးသွားများနှင့်စပ်လျဉ်းသည့် ကြိုးနီစနစ်ဖျက်သိမ်းပေးရန် ထိုင်းနိုင်ငံ ဆုန်ခလာဒေသရှိ ခရီးသွားလုပ်ငန်းရှင်များက တောင်းဆို

မလေးရှားခရီးသွားများ ဝင်ရောက်မှုကို အတားအဆီးဖြစ်စေသည့် အခြားစစ်ဆေးရေးဂိတ်များတွင် TM6 လူဝင်မှုကြီးကြပ်ရေးဖောင်များ ဖျက်သိမ်းပေးရန်နှင့် အချိန်ပိုဝန်ဆောင်မှုအခကြေးငွေများ ဖယ်ရှားပေးရန် ထိုင်းနိုင်ငံ၊ ဆုန်ခလာဒေသရှိ ခရီးသွားလုပ်ငန်းရှင်များက တောင်းဆိုလိုက်ပါသည်။

ယခုအပတ်အတွင်း ကျင်းပခဲ့သည့် အစိုးရအဖွဲ့အစည်းအဝေးက ဆုန်ခလာရှိ စထောင်စစ်ဆေးရေးဂိတ်တွင် TM6 ဖောင်ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁ ရက်နေ့မှ ၂၀၂၄ ခုနှစ် ဧပြီလ ၃၀ ရက်နေ့အထိ ဖျက်သိမ်းခြင်းကို ခွင့်ပြုပေးခဲ့ပါကြောင်း၊ အောက်တိုဘာ ၂၂ ရက်နေ့ စာရင်းဇယားအရ မလေးရှားလူမျိုးများ ၃.၅၄ သန်း ရောက်ရှိလာပါကြောင်း၊ တရုတ်လူမျိုး ၂.၇ သန်း ဖြစ်ကြောင်း သိရှိရပါသည်။

ပိတ်ရက်များတွင် စထောင်စစ်ဆေးရေးဂိတ်မှ ဝင်ရောက်သည့်ဦးရေသည် ၁ နာရီလျှင် ၅၀၀-၆၀၀ ဦးရေကျော်ရှိသဖြင့် နယ်စပ်၌ ခရီးသွားများပိတ်ဆို့မှုကို ကြုံတွေ့ရပါကြောင်း၊ ကြိုးနီစနစ်ကို ဖျက်သိမ်းပေးမည်ဆိုပါက ခရီးသွားများ ဝင်ရောက်မှုတွင် လွယ်ကူချောမွေ့စေမည်ဖြစ်ကြောင်း၊ အဓိက စစ်ဆေးရေးဂိတ်များတွင် ပိတ်ဆို့နေမှုကို ဖြေလျှော့ရန်မှာ အစိုးရအနေဖြင့် စထောင်စစ်ဆေးဂိတ်၏ ၁၀ ကီလိုမီတာအကွာအဝေးတွင် ရှိသော ဒုတိယအကြီးဆုံး စစ်ဆေးရေးဂိတ်ဖြစ်သည့် ပထောင်ဘဲဆာ ဂိတ်တွင်လည်း ဖောင်ကိုဖျက်သိမ်းသင့်ကြောင်း ဆုန်ခလာခရီးသွားမြှင့်တင်ရေးအဖွဲ့ဥက္ကဋ္ဌဖြစ်သူ Mr. Songchai Mungprasithichai က အကြံပြုထားပါသည်။

မလေးရှား ခရီးသွားများ ဝင်ရောက်မှုရှိသည့် ယလာနှင့်စတွန်းရှိ ဝင်ပေါက် ၂ ခုတွင် ဖောင်တောင်းခံခြင်းကို ကင်းလွတ်ပေးသင့်ကြောင်း၊ ခရီးသွားများအတွက် အခြားသောအခက်အခဲမှာ နံနက် ၅ နာရီမှ ၉ နာရီ၊ မွန်းတည့်ချိန်မှ နေ့လယ် ၁ နာရီနှင့် ၄ နာရီခွဲမှ ည ၁၁ နာရီ များတွင် အချိန်ပိုဝန်ဆောင်မှုအခကြေးငွေ ပေးရခြင်းဖြစ်ကြောင်း၊ ခရီးသွား ၁ ဦးလျှင် ဘတ် ၂၀၊ ခရီးသွားကား ၁ စီးလျှင် ဘတ် ၅၀၀ စသည်ဖြင့်ဖြစ်ကြောင်း၊ TM6 ဖောင် ကင်းလွတ်သွားသော်လည်း အလုပ်ချိန်ပြင်ပ ဝင်ရောက်ပါက အဆိုပါ အခကြေးငွေပေးချေရန် ကြာရှည်စွာစောင့်ဆိုင်းရပါကြောင်း ၎င်းက မြေပြင်အခြေအနေကို ပြောကြားခဲ့ ပါသည်။

မလေးရှားခရီးသွား မော်တော်ယာဉ်များအား ဆုန်ခလာအတွင်းသာသွားလာရန် ကန့်သတ်ချက်ကိုလည်း ဖြေလျှော့စေလိုကြောင်း၊ ၂၀၁၄ ခုနှစ်တွင် စတင်ခဲ့သည့် ယင်းကန့်သတ်ချက်ကြောင့် အခြားပြည်နယ်များရှိ ပွဲတော်များနှင့် ပင်လယ်ကမ်းခြေမြို့များသို့ သွားရောက်လည်ပတ်လိုသည့် မလေးရှားခရီးသွားများစွာသည် ၁ လလျှင် ခရီးသွား ၅၀၀၀၀- ၆၀၀၀၀ ဦးရေ ဆုံးရှုံးနေရကြောင်း၊ အခြားပြည်နယ်များသို့ တိုက်ရိုက်လေကြောင်းလိုင်း စီစဉ်ပေးနိုင်သော ခရီးသွားလုပ်ငန်း ၃၀ ခန့် ဆုန်ခလာတွင်ရှိပါကြောင်း၊ ခရီးသွားမော်တော်ယာဉ်များကို အသုံးပြုခြင်းအစား ခရီးစဉ်ကို အတိုချုံ့လိုက်ပါက လမ်းကြောင်းတစ်လျှောက်ရှိ လုပ်ငန်းများ၏ ဝင်ငွေဆုံးရှုံးနိုင်ကြောင်း ဥက္ကဋ္ဌဖြစ်သူ Mr. Songchai က သုံးသပ်ထားပါသည်။

Source: www.bangkokpost. gov

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_311020231227

## STOCK EXCHANGE (31.10.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 31st Oct. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,679 (Shares) | 26,687,900 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +0 | +0.00% | 8,800 | 8,800 | 8,800 | 966 | 8,500,800 | 33,109,694 | 291,365 |
| MTSH | 00002 | 2,950 | +0 | +0.00% | 2,900 | 2,950 | 2,900 | 5,256 | 15,244,400 | 38,929,150 | 114,841 |
| MCB | 00003 | 8,000 | +500 | +6.67% | 8,000 | 8,000 | 8,000 | 25 | 200,000 | 10,400,986 | 83,208 |
| FPB | 00004 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,650 | 1,000 | 1,650,000 | 29,664,613 | 48,947 |
| TMH | 00005 | 2,600 | -100 | -3.70% | 2,600 | 2,600 | 2,600 | 350 | 910,000 | 12,823,224 | 33,340 |
| EFR | 00006 | 2,100 | +0 | +0.00% | 2,100 | 2,100 | 2,100 | 22 | 46,200 | 19,977,223 | 41,952 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 10 | 49,000 | 10,497,598 | 51,438 |
| MAEX | 00008 | 1,750 | -50 | -2.78% | 1,750 | 1,750 | 1,750 | 50 | 87,500 | 23,804,946 | 41,659 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 31st Oct. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 374.70 | +1.45 | +0.39% | 372.22 | 374.70 | 370.91 | 7,679 | 26,687,900 | 8 | 706,750 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 12:30 pm, 1st Nov. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,779 (Shares) | 5,803,600 (MMK) |

| MYANPIX | 379.58 ▲ 4.88 |
|---|---|
| Total Volume (shares) | 2,779 |
| Total Value (MMK) | 6 mil |
| Listed Company | 8 |
| Market Cap. (MMK) | 715,964 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 100 |
| MTSH | 00002 | 3,000 | ▲ 50 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 50 |
| TMH | 00005 | 2,700 | ▲ 100 |
| EFR | 00006 | 2,100 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,800 | ▲ 50 |